ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)

နေပြည်တော်

စာအမှတ်၊ ကဥပ-၃၃၉(က)၂၀၂၂/ ၂၈၃၇

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

**"ညွှန်ကြားချက် - ၁၃ / ၂၀၂၂ "**

အကြောင်းအရာ။ **သက်တမ်းကုန်ဆုံးမည့် မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းမပြုဘဲ ဖြေလျှော့၍ သက်တမ်းတိုးဆောင်ရွက်ပေးရန်ကိစ္စ**

ရည် ညွှန်း ချက် ။
(၁) ရုံးချုပ်(နေပြည်တော်)၏ ၁၇-၃-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(က)၂၀၂၁ /၇၂၉ "ညွှန်ကြားချက်-၃/၂၀၂၁"
(၂) ရုံးချုပ်(နေပြည်တော်)၏ ၁၁-၉-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(က)၂၀၂၁/၂၇၅၅ "ညွှန်ကြားချက်-၆/၂၀၂၁"
(၃) ရုံးချုပ်(နေပြည်တော်)၏ ၂၈-၁၂-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(က)၂၀၂၁/၄၂၄၇ "ညွှန်ကြားချက်-၈/၂၀၂၁"
(၄) ရုံးချုပ်(နေပြည်တော်)၏ ၂၈-၆-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(က)၂၀၂၂/၂၁၅၂ "ညွှန်ကြားချက်-၁၀/၂၀၂၂"

၁။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် နှစ်လဲသက်တမ်းတိုးလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ရုံးများ၌ လူစုလူဝေး အနည်းဆုံး ဖြစ်စေရေးနှင့် လုပ်ငန်းများ မြန်ဆန်စွာပြီးစီးရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်ရုံးများရှိ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအနက် Road Safety ဖြစ်စေရေး အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်သည့်ခရီးသည်တင်ယာဉ်များကိုသာ ယာဉ်စစ်ဆေး၍ အခြားမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းမပြုဘဲ မှတ်တမ်းနှင့်သာ တိုက်ဆိုင်စစ်ဆေး၍ ယာဉ်စစ်ကင်းလွတ်ဖြင့် သက်တမ်းတိုးခြင်းကို ရည်ညွှန်း(၁)၊ (၂)၊ (၃)၊ (၄) ပါစာများဖြင့် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

၂။ အဆိုပါယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ခြင်းကို ရည်ညွှန်း(၁)၊ (၂)၊ (၃)၊ (၄) ပါခွင့်ပြုခဲ့သည့်အတိုင်း (၃၁-၁၂-၂၀၂၂) ရက်နေ့အထိ ဆက်လက်ခွင့်ပြုပါကြောင်းနှင့် အများ

ပြည်သူသယ်ယူပို့ဆောင်သည့်ခရီးသည်တင်ယာဉ်များကိုသာ ယာဉ်စစ်ဆေး၍အခြားမော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းမပြုဘဲ မှတ်တမ်းနှင့်သာတိုက်ဆိုင်စစ်ဆေး၍ ယာဉ်စစ်ကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၃။ ဤစာကိုလက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မျိုးကျော်အောင်၊ ညွှန်ကြားရေးမှူး)

______________ဦးစီးမှူး

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

______________ဦးစီးမှူးရုံး၊(______________)၊______________မြို့

မိတ္တူကို

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန } သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်

ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)

ဒုတိယညွှန်ကြားရေးမှူးချုပ်

ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ)

အင်ဂျင်နီယာချုပ်

ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာထမ်းများအားလုံး

ရုံးချုပ်ရှိဌာနခွဲများ

လက်ခံစာတွဲ

မျှောစာတွဲ